# THAILAND

17 – 30 May 2018

## MEDIA MONITORING REPORT # 183

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### မြောင်းမြတံတားသစ်အား နောင်နှစ်ဧပြီလတွင် ဖွင့်လှစ်မည်

Eleven Myanmar, 17 May 2018

မြောင်းမြတံတားသစ်ကို ၂၀၁၉ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ရန် မျှော်မှန်းထားသည်။



တံတားသစ်ကို တံတားဟောင်းပြိုကျမှုအား စစ်ဆေးခြင်း မပြီးဆုံးမီ ၂၀၁၇ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂ နှစ်အတွင်း ပြီးစီးရန် မျှော်မှန်းထားသည်။ တံတားသစ်ကို J & M Steel Solution မှ ဒီဇိုင်းရေးဆွဲခဲ့ပြီး ဧပြီလ ၁ရက်နေ့ တံတားဟောင်းပြိုကျပြီးနောက် စောစောပြီးစီးရန်မျှော်မှန်းထားသည်။ ယခုအခါ ဆောက်လုပ်မှုမှာ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး နောင်နှစ် ဧပြီလတွင် ပြီးစီးရန် မျှော်မှန်းထားကြောင်း ဧရာဝတီတိုင်းအစိုးရက ပြောကြားခဲ့သည်။

မြောင်းမြနှင့် လပွတ္တာရှိ ဒေသခံပြည်သူများသည် မြောင်းမြတံတားကျိုးကျပြီးနောက် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ မြောင်းမြတံတားနည်းတူ အခြားသော တံတား ၂၉ စင်းအတွက်လည်း ပြည်သူလူထုမှ စိုးရိမ်ပူပန်နေကြသည်။

Link: http://www.elevenmyanmar.com/local/13940

### နိုင်ငံခြားခရီးသွားဧည့်သည်များကို ဆွဲဆောင်နေသည့် ကော့သောင်းရှိ ကျွန်းများ

Eleven Myanmar, 17 May 2018

ကြက်မောက်ကျွန်း၊ ၁၁၅မိုင်ကျွန်းနှင့် ညောင်ဦးဖီးကျွန်းများ ကဲ့သို့ ကော့သောင်းရှိကျွန်းများသည် နှစ်တိုင်းလာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားဧည့်သည်များအား ရေငုပ်ခြင်းနှင့် စွန့်စားခရီးသွားခြင်းများအတွက် ပိုမိုဆွဲဆောင်လျှက်ရှိသည်။

ယမန်နှစ်တွင် ပြည်ပဧည့်သည့် ၃ သိန်းကျော် မြိတ်ကျွန်းစုသို့ လာရောက်လည်ပတ်ခဲ့ကြပြီး ငွေကျပ် ၆၃□၃ သန်း ရရှိခဲ့သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေး(ကော့သောင်း)ဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောပြခဲ့သည်။

ဝန်ကြီးဌာန၏ပြောကြားချက်အရ ပြည်ပမှလာသောဧည့်သည်များသည် မြိတ်ကျွန်းစုကို လာရောက်လည်ပတ်လေ့ မရှိသော်လည်း လွန်ခဲ့သော လေး ၊ငါးနှစ်ခန့်ကပင် အာရုံစိုက်လာခဲ့ကြသည်ဟု သိရသည်။ ယခု

အခါ လာရောက်လည်ပတ်သူများပြားလာသောကြောင့် ခရီးများပိုမိုသွားနိုင်ရန်နှင့် ဧည့်သည်များအတွက် အဆောက်အဦးများဆောက်လုပ်ခြင်းကို စတင်ရန် အစီအစဉ်သစ်များစတင်နေပြီဖြစ်သည်။ နိုင်ငံခြားသားဧည့်သည်အများစုမှာ ဥရောပမှဖြစ်ကြပြီး ကျန်ရှိသောသူများမှာ ထိုင်းနိုင်ငံကဲ့သို့ အာရှအိမ်နီးချင်းနိုင်ငံများမှ ဖြစ်သည်။

မြိတ်ကျွန်းစုသည် ၁၉၉၇ ခုနှစ်ထိတိုင်အောင် နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် လုံး၀ ပိတ်ထားသည့်နေရာတစ်ခုဖြစ်သည်။ ကျွန်းပေါင်း ၈၀၀ ကျော်ပါ၀င်ပြီး တနင်္သာရီဒေသကြီး၏ တစိတ်တပိုင်းအဖြစ်ပါ၀င်သည်။ ကျွန်းအားလုံးသည် မြန်မာနိုင်ငံတောင်ပိုင်းကျွန်းဆွယ်၏ ကပ္ပလီပင်လယ်တွင် တည်ရှိသည်။

အာရှနှင့် ဥရောပမှလာသော မော်တော်ဘုတ်စီးခရီးသွားဧည့်သည်များသည် မြိတ်ကျွန်းစု၏ မြေအနေအထားနှင့် ကမ်းခြေလှပသာယာမှုကြောင့် လာရောက်လည်ပတ်ရန် သဘောကျနှစ်ခြိုက်ကြသည်။

Link: http://www.elevenmyanmar.com/tourism/13938

## ကျိုက်မရောမြို့တွင် စီးပွား-ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်မည်

The Global New Light of Myanmar, 18 May 2018

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၊ ဝါးပြန်ကုန်းရွာအနီးရှိ ဖားဘောင်ထုံးကျောက်ဂူကို မွန်ပြည်နယ်အစိုးရမှ စီးပွားခရီးသွားလုပ်ငန်းအဖြစ် ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ဖားဘောင်ထုံးကျောက်ဂူသည် မွန်ပြည်နယ်ရှိ သဘာဝထုံးကျောက်ဂူများတွင် အကြီးမားဆုံးဖြစ်သည်။

"ဒီနေရာမှာ စိတ်ဝင်စားစရာနေရာ အများအပြားရှိပါတယ်။ ဒီနေရာကို စီးပွား-ခရီးသွားလုပ်ငန်းအဖြစ် ဖွံ့ဖြိုးအောင် ဆောင်ရွက်လို့ရပါတယ်။ ဒီနေရာကို ရှေးဟောင်းသုတေသနပညာ၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ ပြည်နယ်အစိုးရဆီကို အစီရင်ခံစာတင်ဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ် "ဟု မွန်ပြည်နယ် သဘာဝ သံယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောကြားခဲ့သည်။

သစ်တောဌာနမှလည်း ဖားဘောင်နှင့်အနီးဝန်းကျင်နေရာများကို သစ်တောမှ ထိန်းသိမ်းသည့်နေရာတစ်ခုအဖြစ် ၄၄၆ ဧက တိုးချဲ့သွားရန် စီစဉ်နေသည်။

မကြာသေးမီက ပြည်နယ်အစိုးရဦးဆောင်မှုဖြင့် ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ကွင်းဆင်းကြည့်ရှုမည်ဖြစ်သည်။

Link: https://issuu.com/myanmarnewspaper/docs/18_may_18_gnlm

## လှိုင်ကော်တွင် ပြည်နယ်လွှတ်တော်အဆောက်အဦးသစ် ဖွင့်လှစ်

The Global New Light of Myanmar, 20 May 2018

ယမန်နေ့ နံနက်ပိုင်းတွင်ပြုလုပ်သည့် ကယားပြည်နယ် လွှတ်တော်အဆောက်အအုံသစ် ဖွင့်လှစ်ပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းက တက်ရောက်အမှာစကားပြောကြားခဲ့သည်။



အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းက ဒီမိုကရေစီစနစ်တွင် လွှတ်တော်ကဏ္ဍသည် အလွန်ပင်အရေးပါကြောင်း၊ ကယားပြည်နယ်လွှတ်တော်အဆောက်အအုံသစ်သည် ဒေသတွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း စည်းလုံးမှုနှင့်ငြိမ်းချမ်းမှုကို ဖော်ဆောင်လာလိမ့်မည်ဖြစ်ကြောင်း၊ ငွေတောင်ဆည်၊ တောင်ကွဲစေတီနှင့် လောပိတရေတံခွန်စသည်တို့ကဲ့သို့ လွှတ်တော်အဆောက်အဦးသစ်အတွက်အလွန်ပင်ဂုဏ်ယူမိ

ကြောင်း ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဲ့သို့ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ စသည်တို့မှလည်း လွှတ်တော်သစ်ဖွင့်ပွဲတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

Link: https://issuu.com/myanmarnewspaper/docs/20_may_18_gnlm

## ကရင်ပြည်နယ်တွင် ဆရာများ ရှားပါးမှုကြောင့် စာသင်ကျောင်းများ အဆင့်မြှင့်တင်မှု ရပ်တန့်နေ

Myanmar Times, 21 May 2018

ကရင်ပြည်နယ်အစိုးရသည် ကရင်ပြည်နယ်တွင် ဆရာများရှားပါးလာမှုကြောင့် အထက်တန်းကျောင်းခွဲများအား အထက်တန်းကျောင်း အပြည့်အဝဖြစ်လာစေဖို့ အဆင့်မြှင့်တင်ရန်အတွက်လုပ်ဆောင်မှုကို ရပ်ဆိုင်းထားကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးက အစိုးရအနေဖြင့် ကျောင်းများအထက်တန်းကျောင်းအဖြစ် အပြည့်အဝပံ့ပိုးပေးနိုင်သော်လည်း ကျွမ်းကျင်ဝန်ထမ်းများ ပြတ်လပ်မှုကြောင့် အစီအစဉ်ကို သူမမှ တွန်းအားမပေးလိုကြောင်း ပြောကြားခဲ့သည်။

ဘားအံတွင် အထက်တန်းကျောင်း(၂၄)ကျောင်းအပါအဝင် ကရင်ပြည်နယ်တွင် အထက်တန်းကျောင်း(၇၅)ကျောင်းနှင့် အထက်တန်းကျောင်းခွဲပေါင်း(၇၀)ရှိသည်။ ပညာရေးဌာန၏အဆိုအရ ကရင်ပြည်နယ်တွင် အထက်တန်းကျောင်း(၁၃)ကျောင်း၊ အလယ်တန်းကျောင်း(၄၃)ကျောင်း၊ မူလတန်းကျောင်း(၆၆)ကျောင်းနှင့် ကျောင်းခွဲအနည်းငယ်အပါအဝင် နိုင်ငံတဝန်းတွင် (၅၀၉၉)ကျောင်းကို အဆင့်မြှင့်တင်ပြီး ဖြစ်သည်။

အဆိုပါ အဆင့်မြှင့်တင်သည့် အစီအစဉ်တွင် ဆရာ/ မ ပိုမိုစေလွှတ်ပေးခြင်းလည်းပါဝင်သည်

Link: https://www.mmtimes.com/news/kayin-teacher-shortage-halts-school-upgrade.html

## မွန်လုပ်ငန်းရှင်များအသင်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်း

Mon News Agnecy, 21 May 2018

မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်၊ ကရင်ပြည်နယ်၊ တနင်္သာရီဒေသကြီး၊ ထိုင်းနိုင်ငံရောက်မွန်များနှင့် ပြည်ပရောက် မွန်လုပ်ငန်းရှင် (၁၉) ဦးပါဝင်သော မွန်လုပ်ငန်းရှင်များအသင်းဖြစ်မြောက်ရေးကော်မတီကို မေလ ၁၅ ရက်နေ့က မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ဖွဲ့စည်း ခဲ့သည်။



ထိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ မွန်လုပ်ငန်းရှင် နိုင် ထွန်းလွင်က "ကျနော်တို့ ဖြစ်ချင်တာကြာပြီ၊ ပုဂ္ဂလိကအနေနဲ့ လုပ်ရင်းကိုင်ရင်းနဲ့ ဒီကိစ္စကို မြင်လာတယ်၊ စီးပွားရေးဘက်မှာ ကျနော်တို့ မွန် တိုင်းရင်းသားအနေနဲ့ အသင်းအဖွဲ့ ပုံစံ ဖွဲ့စည်းပြီးတော့ အမျိုးသား စီးပွားရေး မဟာဗျူဟာတစ်ရပ် ချမှတ် အကောင်အထည်ဖော်နိုင်ရင် အကျိုးဖြစ်ထွန်းမယ်" ဟု ပြောသည်။

မွန်လုပ်ငန်းရှင်အသင်းအဖွဲ့ဖြစ်မြောက်ရေးကော်မတီ အနေ ဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး လာမည့် (၁၈) လအတွင်း မွန်လုပ်ငန်းရှင်အသင်း ဖွဲ့စည်း သွားမည်ဟု ၎င်းကဆိုသည်။

အဆိုပါ မွန်လုပ်ငန်းရှင်အဖွဲ့တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသတိုင်းကြီးနှင့် ရန်ကုန်၊ ပဲခူး၊ မန္တလေး တိုင်းဒေသကြီးတို့တွင် အခြေပြုသောအဖွဲ့နှစ်ဖွဲ့ကို ကနဦးဖွဲ့စည်းပြီး ဗဟိုအဆင့် မွန်လုပ်ငန်းရှင်များအသင်းအဖြစ်

ဆက်လက်စုဖွဲ့သွားမည်ဟု မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး မင်းဗညားကပြောခဲ့သည်၊ ထို့ပြင် မွန်စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုး တက်လာစေရန်အတွက် အခြားသောဒေသအသီးအသီးရှိ မွန်အင်အားစုများ စုပေါင်းဝိုင်းဝန်းကူညီကြရန်၊ မွန်လုပ်ငန်းရှင်များအပြင် အခြားတိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များနှင့်လည်း ချိတ်ဆက်သွားရန်၊ မွန်တိုင်းရင်းသားအရေးတွင် တစ်ခန်းတစ်ကဏ္ဍမှ ပံ့ပိုးကူညီသွားရန် စသည့်ရည် ရွယ်ချက်များဖြင့် မွန်လုပ်ငန်းရှင်အသင်းကို ဖွဲ့စည်းသွားမည်ဟု ၎င်းက ဆက်ပြောသည်။

ပြည်ထောင်စုတိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းထားရှိပြီး အဖွဲ့ခွဲများကို သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများမှ လုပ်ငန်းရှင်အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Link: http://monnews.org/2018/05/21/mon-entrepreneurs-association-organizing-committee-established/

## လာမည့်ပညာသင်နှစ်တွင် ဒုတိယတန်း သင်ရိုးညွှန်းတန်း မွမ်းမံပြင်ဆင်ထားဟုဆို

Mon News Agnecy, 21 May 2018

၂၀၁၈- ၂၀၁၉ ခုနှစ် ပညာသင်နှစ်အတွက် ဒုတိယတန်းတွင် ဘာသာရပ် □၉□ မျိုးအား သင်ရိုးညွှန်းတန်း မွမ်းမံပြင်ဆင်ထားကြောင်း မွန်ပြည်နယ် အခြေခံပညာ ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော် တင်လှက မွန်သတင်းအေဂျင်စီသို့ ပြောသည်။



“ဘာသာရပ် (၉) မျိုးရှိတယ်ပေါ့နော် အဲဒီဘာသာရပ် (၉) မျိုးကို CCA ကလေးဗဟိုပြုချည်းကပ်နည်းနဲ့ သင်နည်းတွေရော၊ အသွင်ပြင်တွေရော စစ်ဆေးအကဲဖြတ်တဲ့အခါရော အားလုံးကို ပြောင်းလဲပြီးတော့ ဟိုအရင်စနစ်ထက်ကို ပိုပြီးတော့ ကောင်းမွန်အောင် ပြုပြင်ထားတယ်” ဟု ဒေါ်နော်တင် လှက ပြောသည်။

ယင်းသင်ရိုးညွှန်းတမ်းအသစ်တွင် ကလေးများအနေဖြင့် အတွေးအခေါ်များ ရင့်သန်လာခြင်း၊ ဆရာ၊ ဆရာမများနှင့်အတူ ပူးပေါင်းဆောင်ရွက်တတ်လာခြင်း ရရှိလာမည်ဟုလည်း ၎င်းက ဆက်ပြောသည်၊ ဒုတိယတန်းအတွက် သင်ကြားပေးမည့် ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျောင်းအုပ်စုအဆင့်တို့တွင် သင်တန်းတက်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်ရိုးညွှန်းတန်းအသစ်သည် JICA အဖွဲ့နှင့် ပညာရေးသုတေသနအဖွဲ့တို့ပူးပေါင်းပြီး သင်ရိုးညွှန်းတန်း အဟောင်းကို ဆန်းစစ်၍ ပြန်လည်ရေးဆွဲထားကြောင်း မွန်ပြည်နယ် ပညာရေးဌာနထံမှ သိရသည်။

ထို့ပြင် မူလတန်းအောက်ဆင့်တွင် ဒေသသင်ရိုးအဖြစ် တိုင်းရင်းသားဘာသာစကား၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု၊ ဒေသဆိုင်ရာစီးပွားရေးအခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကွန်ပျူတာအခြေခံဘာသာရပ်များ သင်ကြားရန် စီစဉ်နေသည်ဟု သိရ သည်။

Link: http://monnews.org/2018/05/21/curriculum-amended-for-standard-2-in-upcoming-academic-year/

## ဟောင်ကောင်စက္ကူထုတ်လုပ်ရေးကုမ္ပဏီမှ ပဲခူးတွင် လာရောက်ရင်းနှီးမြှုပ်နှံမည်

Mizzima, 21 May 2018

ဟောင်ကောင်စာရင်းဝင်ကုမ္ပဏီသည် မြန်မာနိုင်ငံ တောင်ပိုင်းရှိ ပဲခူးတိုင်းဒေသကြီးတွင် စက္ကူထုတ် စက်ရုံတည်ဆောက်ရန် ကြိုးပမ်းနေကြောင်း ရှင်ဟွာ သတင်းဌာနက ၂၁ ရက်နေ့တွင် ဖော်ပြခဲ့သည်။



Lee & Man စက္ကူထုတ်လုပ်ရေးဥက္ကဌမှ ၎င်းတို့သည် စက်ရုံအတွက် လျှပ်စစ်မီးလည်ပတ်နိုင်ရန် စက်ရုံမှစွန့်ပစ်ပစ္စည်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဝန်ကြီးချုပ်ဦးဝင်းသိန်းကို ပြောခဲ့သည်။

စက္ကူထုတ်စက်ရုံအတွက် မြေဧက ၃.၄ စကွဲမီတာ လိုအပ်ပြီး ရင်းနှီးမြှုပ်နှံမှုတစိတ်တပိုင်းအနေဖြင့် ပဲခူးတိုင်းဒေသအတွင်း နေထိုင်သူ ၃၀၀၀ကို တရုတ်နိုင်ငံသို့ တစ်နှစ်သင်တန်းတက်ရောက်ရန် ပို့ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

Link: [http://www.mizzima.com/business-domestic/hong-kong-paper-manufacturing-company-invest-bago](http://www.mizzima.com/business-domestic/hong-kong-paper-manufacturing-company-invest-bago)

## အစိုးရနှင့် ဒေသခံပြည်သူများ လက်ခံပါက ကရင်ပြည်နယ်ရှိ မြို့နယ် ၂ မြို့နယ်တွင် လျှပ်စစ်ဓာတ်အားလိုင်း ဖြတ်သန်းသွယ်တန်း မည်

Karen News, 21 May 2018

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ် ကံပေါက်ဒေသတွင် တည်ရှိသည့် LNG သဘာဝဓာတ်ငွေ့သုံး ဓာတ်အားထုတ်လုပ်ရေး စက်ရုံမှ ကံပေါက် -ပဲခူး 500 KV ဓာတ်အားလိုင်း သွယ်တန်းရန်အတွက် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူတို့ လက်ခံပါက



ကရင်ပြည်နယ်ရှိ မြို့နယ် ၂ မြို့နယ်တွင် ဓာတ်အားလိုင်း ဖြတ်သန်း သွယ်တန်းသွားမည်ဟု စီမံကိန်းတာဝန်ရှိသူ များက ပြောသည်။

၎င်းစီမံကိန်းသည် ဓာတ်အားပေး ကောင်းကင်ကြိုးလိုင်း များနှင့် သွယ်တန်းမည်ဖြစ်ပြီး တနင်္သာရီတိုင်းမှ ပဲခူးတိုင်း ဒေသအထိ သွယ်တန်းမည့် လမ်းကြောင်းတွင် မွန်နှင့် ကရင်ပြည်နယ်များကို ဖြတ်ရမည်ဖြစ်ကာ ကရင်ပြည်နယ်တွင် ဖားအံမြို့နယ်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်နှစ်ခုကို ဖြတ်သွားမည်ဖြစ်သည်။

ကောင်းကင်ကြိုးလိုင်းများဖြင့်သွယ်တန်းမည့် ဓာတ်အား လိုင်းစီမံကိန်းအရ တာဝါတိုင်များကို တနင်္သာရီတွင် ၁၄၉ တိုင်၊ ကရင် ၂၃၉ တိုင်၊ မွန် ၆၄၁ တိုင်၊ ပဲခူး ၁၂၈ တိုင်ခန့် တည်ဆောက်မည်ဖြစ်ပြီး အဆိုပါ စီမံကိန်းမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို စွမ်းအင်ဝယ်ယူရေး သဘောတူညီချက်အရ EMPE (မြန်မာ့လျှပ် စစ်စွမ်းအား လုပ်ငန်း) သို့ ရောင်းချသွားမည်ဖြစ်သည်ဟုလည်း သိရသည်။

ထို့အပြင် ESIA/IEE ခေါ် ပတ်ဝန်းကျင်နှင့် လူမှုဘဝအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်နေပြီး စီမံကိန်းကြောင့် နစ်နာမှုမရှိစေရန် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူ၊ လူထုအခြေပြုအဖွဲ့များအပြင် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဟု ကုမ္ပဏီတာဝန်ရှိသူများက အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ပြောသည်။

အဆိုပါ စီမံကိန်းဖြတ်သန်းသွားမည့် ကရင်ပြည်နယ်အတွင်းရှိ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ခလယ်၊ တံခွန်တိုင်၊ ကျုံခဝန်၊ ဘုရား ၅ ဆူ စသည့် ဒေသရှိ ကျေးရွာအနီးနားနှင့် ဖားအံမြို့နယ်တွင် ဇာသပြင်ဒေသတို့တွင် ဖြတ်သန်းသွယ်တန်းသွားရန်ရှိသည်ဟုလည်း သိရသည်။

Link: [http://karennews.org/2018/05/lng-project-awaits-consent-from-govt-locals-to-install-power-lines-across-two-townships-in-karen-state/](http://karennews.org/2018/05/lng-project-awaits-consent-from-govt-locals-to-install-power-lines-across-two-townships-in-karen-state/)

## အစိုးရမှ သက်ကြီးပင်စင်ထောက်ပံ့ခြင်းကို အသက် ၈၅နှစ်ထိ လျော့ချသတ်မှတ်

Myanmar Times, 22 May 2018

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် သက်ကြီးပင်စင်ထောက်ပံ့မှုကို အသက် ၈၅နှစ်ထိ လျော့ချပေးခဲ့ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မည်သူမဆို လျှောက်ထားနိုင်ပြီး အောက်တိုဘာလတွင် စတင်မည်ဖြစ်သည်။



လက်ရှိတွင် ဝန်ကြီးဌာနသည် အသက် ၉၀နှစ်နှင့် အထက်ရှိသော သက်ကြီးရွယ်အိုများကို ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်တွင် စတင်ကာ သုံးလ တစ်ကြိမ် ထောက်ပံ့ကြေးပေးခဲ့သည်။ဝန်ကြီးဌာနသည် အသက် ၈၅နှစ်နှင့်အထက် သက်ကြီးနိုင်ငံသား ၁၄၀၀၀၀ အတွက် ထောက်ပံ့ကြေးအပါအဝင် ၂၀၁၈- ၁၉ ဘဏ္ဍာနှစ်အတွက် ဘက်ဂျက်ငွေကို တောင်းခံခဲ့ကြောင်း လူမှုဝန်ထမ်းဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ပြောကြားခဲ့သည်။

၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ၈၅နှစ်နှင့်အထက် သက်ကြီးနိုင်ငံသား နှစ်သိန်း သုံးသောင်း တစ်ထောင်နှစ်ဆယ့်ခြောက်ဦးရှိသည်။

ပင်စင်ကို တစ်လလျှင် တစ်သောင်းကျပ်ပေးမည်ဖြစ်သည်။ ယခင်ဘဏ္ဍာနှစ်က အသက် ၉၀ကျော်နှင့်အထက် အယောက် □၅၀၀၀၀□ကျော်သည် လူမှုပင်စင်အတွက် လျှောက်ထားခဲ့သည်။

လူမှုပင်စင်အတွက် လျှောက်ထားရန်စိတ်ဝင်စားသူများအနေဖြင့် မှတ်ပုံတင်ကတ်နှင့် သန်းခေါင်စာရင်းစာရွက် လိုအပ်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

သို့သော်လည်း တချို့သောသက်ရွယ်ကြီးသူများမှာ ဘိုးဘွားရိပ်သာများတွင် နေထိုင်ကြပြီး မှတ်ပုံတင်နှင့်သန်းခေါင်စာရင်းစာရွက် မရှိကြပေ။

မြန်မာနိုင်ငံတွင် ၂၀၁၅- ၁၆ ခုနှစ် သက်ကြီးလူဦးရေစာရင်းကောက်ယူမှုအရ လူဦးရေ ၅၁ သန်းတွင် သက်ကြီးရွယ်အို ၄.၇၅ သန်း ( သို့)  ၉.၀၆ ရာခိုင်နှုန်းရှိသည်။

Link: [https://www.mmtimes.com/news/government-lower-eligibility-age-pension-payments-85.html](https://www.mmtimes.com/news/government-lower-eligibility-age-pension-payments-85.html)

## ရန်ကုန်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးလာစေရန်အတွက် မြို့ပတ်မီးရထားလမ်းများတည်ဆောက်နေ

Eleven Myanmar, 22 May 2018

ရန်ကုန်တိုင်းဒေသကြီးတွင် ဆင်ခြေဖုန်းနေရာများ၌ ရင်းနှီးမြှုပ်နှံမှုများတိုးလာစေရန်အတွက် မြို့ပတ်မီးရထားလမ်းသစ်များကို တိုးချဲ့ဆောက်လုပ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(YCDC)မှ ပူးတွဲအတွင်း ရေးမှူးဖြစ်သူ

ဦးသန်းက ပြောခဲ့သည်။



“လက်ရှိလူဦးရေ ၅.၂ သန်းကနေ ၂၀၄၀ ခုနှစ်ကျော်ရင် ၁၀ သန်းကျော် တိုးလာမှာပါ၊ ဘာကြောင့်လဲဆိုတော့ရန်ကုန်က အကြီးမားဆုံး မြို့တော်ကြီးတစ်ခုဖြစ်လာတော့မှာမို့လို့ပါ။ ရန်ကုန်ကို ပြောင်းလာတဲ့လူဦးရေတဖြည်းဖြည်းများလာတာကြောင့် မြို့ပတ်ရထားလမ်းတလျှောက်ကလည်း ဖွံ့ဖြိုးလာမှာပါ ” ဟု ဦးသန်းက ပြောခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ယခုအခါ ရန်ကုန်တိုင်းတွင် တရုတ်၊ တောင်ကိုရီးယားတို့နှင့်အတူ စက်မှုဇုန်များ တည်ထောင်ရန် ဆွေးနွေးနေသည်ဟု သိရသည်။

Link: http://www.elevenmyanmar.com/business/13961

## ငြိမ်းချမ်းရေးအတွက် စီးပွားရေး အစီအစဉ် အောင်မြင်နေဟု ဆို

The Irrawaddy, 22 May 2018

မြန်မာနိုင်ငံ၏ “ငြိမ်းချမ်းရေးအတွက် စီးပွားရေး” ချဉ်းကပ်မှုပုံစံသည် တိုးတက်မှု ရှိနေကြောင်း ဘောဂဗေဒ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောသည်။ ငြိမ်းချမ်းရေးအတွက် စီးပွားရေးအစီစဉ်ကို ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ယမန် နှစ်က စတင်ခဲ့ခြင်း ဖြစ်သည်။




ငြိမ်းချမ်းရေးတည်ဆောက်မှု မြှင့်တင်နိုင်ရန် မေလ ၁၉ ရက်နေ့က ထိုင်းနိုင်ငံ ချင်းမိုင်တွင် ကျင်းပသည့် နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲတခုတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဖါ့ယက် တက္ကသိုလ် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ငြိမ်းချမ်ရေးသိပ္ပံနှင့် ကမ္ဘာလုံးဆိုင်ရာ မျှတသောကုန်သွယ်မှုအဖွဲ့ အာရှဌာန (WFTO Asia) တို့က စီစဉ်ကျင်းပခြင်း ဖြစ်သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီ၏ ဒုဥက္ကဌလည်းဖြစ်သော ဒေါက်တာအောင်ထွန်းသက်က သူ၏ ဟောပြောချက်အတွင်း စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းစံပုံစံကို မြန်မာနိုင်ငံတွင် “ငြိမ်းချမ်းရေးအတွက် စီးပွားရေး” စံပုံစံဟု ခေါ်ကြောင်း ရှင်းပြခဲ့သည်။

ထိုချဉ်းကပ်မှု စံပုံစံသည် အောင်မြင်မှု ရရှိနေပြီး တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်လက်မှတ်ရေးထိုးထားသော အဖွဲ့များလည်း ပါဝင်လုပ်ဆောင်နေသည်ဟု ဒေါက်တာအောင်ထွန်းသက်က ဧရာဝတီ သတင်းဌာနသို့ ပြောဆိုခဲ့သည်။

အစိုးရသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်လည်း အပြင်းအထန် ကြိုးစားနေသည်။ ထိုရင်းနှီးမြှုပ်နှံမှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပြန်လည်ထူထောင်ရေးနှင့် ထိုဒေသများတွင် တည်ငြိမ်ပြီး ခိုင်မြဲသော စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု သူက ဆိုသည်။

"အပစ်အခတ်ရပ်စဲထားတဲ့ဒေသတွေမှာ လုံခြုံရေးနဲ့ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက စိုးရိမ်ကြတယ်။ ထိုင်းနဲ့စင်္ကာပူက ကုမ္ပဏီ တော်တော်များများနဲ့ ကျနော်စကားပြောဖြစ်တယ်။ သူတို့လည်း စိတ်ဝင်စားတယ်။ အဲဒီဒေသတွေမှာ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်ရင် ပြည်နယ်တိုင်းဒေသကြီးတွေအတွက် အခွင့်အရေးတွေ ကောင်းတာပေါ့" ဟုလည်း သူပြောသည်။

"အခုဆိုရင် ကျနော်တို့က ပအိုဝ်ဒေသမှာ စီးပွားရေး အခွင့်အလမ်းတွေ ဖော်ထုတ်နေတယ်။ တနင်္သာရီတိုင်းမှာ ကရင်အမျိုးသား အစည်းအရုံးနဲ့ လုပ်နေပြီး ကရင်နီ ( ကယား) ပြည်နယ်မှာလည်း လုပ်နေတယ်" ဟု သူပြောသည်။ ( ကရင်နီပြည်နယ်မှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း မရှိသော လက်နက်ကိုင်အုပ်စု ဖြစ်သည့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ – KNPP သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးနေသည်။)

ဖါ့ယက်တက္ကသိုလ် အလုပ်ရုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ထိုင်း- မြန်မာ နယ်စပ်တလျှောက်ရှိ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများ အရေး၊ အများပြည်သူဆိုင်ရာ မူဝါဒ၊ ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုနှင့် မျှတသော ကုန်သွယ်ရေး အလေ့အထ များ စသည်ဖြင့် အကြောင်းအရာများ ပါဝင်သည်။

တက်ရောက်ဆွေးနွေးသူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစိုက်မတ်မတ် လေ့လာထားသူများ၊ နယ်စပ်အခြေစိုက်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအတွက် စီးပွားရေး စံ ပုံစံကို အသုံးပြုရေးကို ဦးဆောင်သူများဖြစ်သောကြောင့် ဆွေးနွေးမှုများသည် များစွာ အကျိုးပြုသည်ဟု ဖါ့ယက် တက္ကသိုလ် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ငြိမ်းချမ်းရေး သိပ္ပံမှ ပါရဂူဘွဲ့ ကျောင်းသူနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သူ မမွန်မွန်မြတ်က ပြောဆိုသည်။

Link: https://www.irrawaddy.com/news/burma/business-peace-model-utilized-nationwide-peacebuilding.html

## ဆောက်လုပ်ရေးဝန်ကြီးဌာန အကောင်အထည်ဖော်မည့် စီမံကိန်းကြီးလေးခု

Myanmar Times, 23 May 2018

ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အ ထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီး လေးခုအကြောင်းကို မေ ၂၁ ရက်က ထုတ်ပြန် ကြေ ညာလိုက်သည်။



အဆိုပါစီမံကိန်းများမှာ မန္တလေးတိုင်းတွင် အကောင်အထည်ဖော်မည့် စီမံကိန်းတစ်ခုနှင့် ရန်ကုန်တိုင်းတွင် အကောင်အထည်ဖော်မည့် စီမံကိန်းသုံးခုတို့ဖြစ်ကြောင်း တွေ့ရသည်။

ရန်ကုန်တိုင်းတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှစ်ခုမှာ လှည်းကူးမြို့နယ်တွင် တည်ရှိပြီး ယခုနှစ်တွင် စတင်အကောင် အထည်ဖော်မည်ဟုဆိုသည်။ ကျန်တစ်ခုမှာ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် တည်ရှိပြီး ရွှေတောင်ကုမ္ပဏီနှင့် အကျိုးတူပူး ပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်သည်။

မန္တလေးတိုင်းတွင် အကောင်အထည်ဖော်မည့် စီမံကိန်းကို New Mandalay Resort City စီမံကိန်းဟု ခေါ်သည်။ မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် တည်ရှိပြီး စုစုပေါင်းမြေ ၉,၈၉၃ ဧကပေါ်တွင် အကောင်အထည်ဖော်မည့်စီမံကိန်း ဖြစ်သည်။ ဤစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် ဖော်ဆောင်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီခြောက်ခုကို ပဏာမရွေးချယ်ထားပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် စက်ရုံများ၊ ကျောင်းများ၊ အိမ်ရာများ၊ စက်မှုဇုန်များနှင့် အများပြည်သူ အပန်းဖြေအနားယူရန် ပန်းခြံနှင့် ဈေးဝယ်စင်တာများအပါအဝင် ဆေးရုံဆေးခန်းများလည်း ပါရှိမည်ဖြစ်သည်။

ရန်ကုန်တွင်လုပ်မည့် စီမံကိန်းများအနက် တစ်ခုကို Korea Myanmar Industrial Complex (KMIC) စီမံကိန်းဟု ခေါ်သည်။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်တွင်တည်ရှိပြီး မြေ ၅၅၅ ဧကပေါ်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။ စီမံကိန်းကို ယခုနှစ်မှ စတင်ကာငါးနှစ်ကြာ အချိန်ယူဖော်ဆောင်သွားမည်ဖြစ်ပြီး ရင်းနှီး မြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၀ သန်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းတွင် စက်မှုလုပ်ငန်းများ၊ အလုပ်သမားသင်တန်းကျောင်းနှင့် အိမ်ရာများအပြင် အခြားစီးပွားရေးဆိုင်ရာ ဝန်ဆောင်မှု ဇုန်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

နောက်ထပ်စီမံကိန်းဖြစ်သည့် Eco Green City စီမံကိန်းဟု အမည်ရသည့် စီမံကိန်းသည်လည်း လှည်းကူးမြို့နယ်တွင်ပင် တည် ရှိမည်ဖြစ်သည်။ မြေဧရိယာ ၁,၄၅၃ ဧကပေါ်တွင် ဖော်ဆောင်မည့် စီမံကိန်းဖြစ်သည်။ အဆိုပါစီမံကိန်းကို ယခုနှစ်မှစတင်ကာ စီမံကိန်း အဆင့်နှစ်ဆင့်ဖြင့် ၁၀ နှစ်ကြာ အချိန်ယူဖော်ဆောင်သွားမည်ဖြစ်ပြီး ဖရင်းနှီးမြှုပ်နှံမှုငွေပမာဏ အမေရိကန်ဒေါ်လာ နှစ်ဘီလျံ ခန့် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီးဌာနနှင့် Alliance Star Group of Company တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယင်းစီမံကိန်းတွင် အဓိကအားဖြင့် လူနေအိမ်ရာများကို ဆောက်လုပ်သွားမည်ဖြစ်ပြီး ယင်းနှင့် ဆက်စပ်နေသည့် ကျန်းမာရေး၊ စီးပွား ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများ ဟိုတယ်များနှင့် ဂေါက်ကွင်းများကိုလည်း ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

နောက်ဆုံးစီမံကိန်းဖြစ်သည့် ရွှေတောင်ကုမ္ပဏီနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း ဖြစ်သည့် Smart District Project စီမံကိန်းကို ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိမြေ ၁,၁၀၀ ဧကပေါ်တွင် ဖော်ဆောင်သွားမည် ဖြစ် ကြောင်းသိရသည်။

အဆိုပါစီမံကိန်းမှာလည်း လူနေအိမ်ရာများနှင့် ဆက်စပ်အဆောက်အအုံများကို အဓိကထား ဖော်ဆောင်သွားမည့်စီမံကိန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေကျပ် ၂၅၀ ဘီလျံခန့် သုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။

Link: https://www.mmtimes.com/news/ministry-construction-commits-four-mega-projects-2018.html

## ပြည်တွင်းသဘာဝဓာတ်ငွေ့ကို ၂၀၂၃ခုနှစ်တွင် ထုတ်လုပ်နိုင်ရန်ကြိုးပမ်းမည်

Myanmar Times, 23 May 2018



ပမာဏပိုမိုများပြားသည့် သဘာဝဓာတ်ငွေ့ကို နောင်လာမည့် ၅ နှစ်တွင် မြန်မာ့ကုန်းတွင်းနှင့်ကမ်းလွန်ဓာတ်ငွေ့ ကွင်းများမှ ရရှိတော့မည်ဖြစ်ပြီး ပြည်ပရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီများမှာ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် အခွင့်အလမ်းသစ်ရရှိမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့သည်။

နောင်ငါးနှစ်အတွင်းမှာ ဓာတ်ငွေ့ထုတ်လုပ်ခြင်းက အစိုးရရဲ့ ဦးစားပေးတစ်ရပ်ဖြစ်လာပါမယ်။ ဒါပေမယ့် ဒီလိုထုတ်ဖို့ကျွန်တော်တို့မှာ နည်းပညာမရှိသေးပါဘူး။ ဓာတ်ငွေ့ထုတ်လုပ်ဖို့အတွက် ပြည်ပက ရေနံ၊ဓာတ်ငွေ့ကုမ္ပဏီတွေနဲ့ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ် ဟု ၎င်းက ပြောခဲ့သည်။

အစိုးရသည် မြန်မာနိုင်ငံတွင် လျှပ်စစ်ပြတ်လပ်မှုကို ဖြည့်ဆည်းရန်အတွက်ကို သဘာဝဓာတ်ငွေ့အရည်ကို တင်သွင်းရန် စီစဉ်နေသည်။ နောင်လာမည့်၂ နှစ်ကျော်တွင် သဘာဝဓာတ်ငွေ့အရည်ကို အသုံးပြုခြင်းဖြင့် လျှပ်စစ်မီဂါဝပ် နှစ်ဆအ သုံးပြုနိုင်မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/domestic-natural-gas-be-made-available-2023-moee.html

## စက်မှုဇုန်တည်ဆောက်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရက မြေယာဖော်ဆောင်မည်

Mizzima, 26 May 2018

ပဲခူးတိုင်းဒေသကြီးတွင် စက်ဇုန်တည်ဆောက်ရေးအတွက် တိုင်းအစိုးရမှ မြေယာဖော်ဆောင်ပေးမည် ဖြစ်ကြောင်း မေ ၁၉ ရက် Global New Light of Myanmar သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။



"စက်မှုဇုန်တွေသာ ဖြစ်ထွန်းလာရင် ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးလာမှာဖြစ်တယ်။ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးနိုင် မှာပဲ။"ဟု ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေကပြောကြောင်း ယင်းသတင်းစာက ဖော်ပြ ထားသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် စက်မှုဇုန်များ ဖြစ်ထွန်းရေးအတွက် မြေနေရာအခက်အခဲ မရှိကြောင်း တိုင်းဒေသ ကြီးအစိုးရက သတင်းစာသို့ ပြောထားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး " အစီအစဉ်ရှိတာတော့ ကြားတော့ကြားတယ်။ အသေးစိတ်တော့မသိဘူး။ အစိုးရကို တိုက်ရိုက်မေးတာ ပိုကောင်းမယ်" ဟု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် (၂) လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းစံက မဇ္ဈိမသို့ ပြောသည်။

မြန်မာနိုင်ငံအတွင်း စက်မှုဇုန်များ ဖြစ်ထွန်းရေးတွင် အဓိက ရင်းနှီးမြှုပ်နှံကြသည့် တရုတ်နှင့် တောင်ကိုရီးယားတို့မှ အများစုရင်းနှီး မြှုပ်နှံသူများက မကြာသေးမီက လာရောက်ထားခဲ့စဉ်မှာ ယခု ထုတ်ပြန်ချက် ထုတ်ခဲ့ခြင်းလည်း ဖြစ်သည်။

Link: http://www.mizzima.com/business-domestic/bago-region-set-industrial-zones

## အသက်ပြည့်သည့်ကလေးတိုင်း ၁၀၀ရာခိုင်နှုန်း ကျောင်းအပ်နိုင်ရန် အစိုးရမျှော်မှန်း

Myanamr Times, 29 May 2018

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ကျောင်းတက်ရန်အသက်ပြည့်သည့်ကလေးတိုင်း ယခုနှစ်တွင် ကျောင်းတက်နိုင်ရန် သေချာအောင်လုပ်ဆောင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကလေးများပညာမတတ်ပါက စီးပွားရေးဖွံ့ဖြိုးမှုသည် နိုင်ငံအတွက် အဓိကစိန်ခေါ်မှုပြဿနာဖြစ်လာမည်ဖြစ်သည်။



ကျောင်းနေအသက်အရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ဖို့ သေချာစေရန် အများအပြားလုပ်ဆောင်ရန်ရှိသေးကြောင်း၊ ရန်ကုန်တိုင်းအစိုးရသည် ကလေးများအားလုံးအား အလွတ်ပညာသင်ကျောင်းများတွင်ဖြစ်ဖြစ်၊ အသက်မွေးမှုသင်တန်းကျောင်းများတွင်ဖြစ်ဖြစ် ၎င်းတို့ဘဝတိုးတက်စေရန်အတွက် တက်ရောက်ကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

"လာမည့်စာသင်နှစ်မှာ ကလေးတွေအားလုံး ကျောင်းအပ်ရပါမယ်။ ကလေးတွေက သူတို့မြို့မှာ ပညာသင်ကြားဖို့ အခွင့်အလမ်းမ မရှိရင် ကျွန်တော်တို့ တခြားနည်းလမ်းတွေရှာပြီး ပညာရေးကို ပံ့ပိုးပေးပါမယ်" ဟု ၎င်းကပြောကြားခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ကျောင်းအပ်ရက်သည် မေလ ၂၅ မှ ၃၁ ရက်နေ့အထိဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် ပြည်သူလူထုအား ကလေးများကျောင်းအပ်နိုင်ရန်နှင့် ကျောင်းထွက်မှုကို တိုက်ဖျက်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ကြရန် တောင်းဆိုလိုက်သည်။

ကလေးများသည် ကျောင်းအပ်ရမည့်ရက်သတ္တပတ်တွင် ပါဝင်မှုမရှိပါက ကျွန်တော်တို့မှ သူတို့ဘာကြောင့်ကျောင်းမအပ်လဲဆိုသည်ကို လိုက်လံရှာဖွေသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာပညာရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဒေါ်ခင်မာဆွေက ပြောခဲ့သည်။

ရုံးအနေဖြင့် ကျောင်းလာမအပ်သည့်ကလေးများ၏အိမ်ကို သွားရောက်ရန် စီစဉ် ထားသည်။

မိသားစုဝင်ငွေနဲ့ပတ်သတ်ပြီး အခက်အခဲရှိတယ်ဆိုရင် သူတို့ကို ကျောင်းချိန်ပြီးနောက် ကျောင်းပြင်ပနှင့်တသက်တာပညာရေးဦးစီးဌာနက ဖွင့်လှစ်တဲ့ အလွတ်စာသင်ကျောင်းတွေမှာ ထားဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ပါမယ်။ အလယ်တန်းပြီးလို့ အထက်တန်းမတက်နိုင်တဲ့ကလေးတွေက အသက်မွေးမှုသင်တန်းကျောင်းတွေမှာ ကျောင်းအပ်နိုင်ပါတယ်ဟု သူမကပြောကြားခဲ့သည်။

Link: https://www.mmtimes.com/news/yangon-aims-100-school-enrollment.html

## ပြည်နယ်အတွင်းရှိ ကျောင်းများအဆင့်တိုးလိုက်သည့်အတွက် ဆရာ ၁□၀၀၀ ဦးကျော် လိုအပ်နေ

Burma News International, 29 May 2018



ကရင်ပြည်အတွင်းရှိ အစိုးရအခြေခံပညာကျောင်းပေါင်း ၂၆၁ ကျောင်းကို ပညာရေးဝန်ကြီးဌာနက ယခုမေလ အတွင်း အဆင့်တိုးမြင့်လိုက်သည့်အတွက် ဆရာ၊ ဆရာမ ဦးရေ ၁, ၀၀၀ ဦးကျော် လိုအပ်နေသည်ဟု ပြည်နယ်ပညာရေးမှူး ဦးစိုး မြင့်က ကေအိုင်စီသို့ ပြောသည်။

ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်း ၉ ကျောင်း၊ အထက်တန်းခွဲ ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၅၃ ကျောင်း၊ အလယ်တန်းခွဲ ၂၁ ကျောင်း၊ မူလတန်းလွန် ၃၁ ကျောင်း၊ မူလတန်း ၉၉ ကျောင်း၊ မူလတန်းခွဲ ၃၈ ကျောင်းတို့ကို ပညာရေးဝန်ကြီးဌာနက ယခုမေလအတွင်း အဆင့်တိုးမြင့်ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပြည်နယ် ပညာရေးမှူး ဦးစိုးမြင့်က “ ကျောင်းတွေ ကို အဆင့်တိုးပေးတော့ ကလေးတွေ ပညာ ဆက်သင်ယူဖို့ အခွင့်အလမ်းပေးတာပါ။ အလယ် တန်းကျောင်းခွဲပေးလိုက်တော့ အထက်တန်း ပညာဆက်သင်ကြားနိုင်မဲ့ အခွင့်အလမ်း ရရှိသွားတာပေါ့။ ကျောင်းတွေ အဆင့်တိုးတော့ မူလတန်းပြ ၁, ၀၀၀ နီးပါးနဲ့ အထက်တန်းပြ ၂၀၀ လောက်လိုအပ်နေပါ တယ်။ သင်ကြားရေး မပျက်အောင်စီမံရတာပေါ့” ဟု ကေအိုင်စီသို့ မေ ၂၅ ရက်နေ့တွင် ပြောသည်။

လက်ရှိ ကရင်ပြည်နယ်အတွင်းရှိ ပညာရေးကောလိပ်နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်သိပ္ပံ ကျောင်းတို့မှ နှစ်စဉ် ဆရာ၊ ဆရာမ ၆၀၀ ဦးခန့်မွေးထုတ်ပေးနေပြီး ပြည်နယ်အတွင်း ဆရာလိုအပ်ချက်အတွက် မလုံလောက်သလို ပညာရေးတက္ကသိုလ်များမှ အထက်တန်းပြဆရာ၊ ဆရာမ ဦးရေမွေးထုတ်ပေးမှုနည်းပါး နေသည့်အတွက် အထက်တန်းပြများ လိုအပ်နေဦးမည်ဟု ပြည်နယ်ပညာရေးအသိုင်းအဝိုင်းက သုံးသပ်ပြောဆိုသည်။

ကော့ကရိတ်မြို့နယ်၊ အံ့ဖကြီးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာ စောဟန်ဝေလင်း ကျော်က “ ဒီမှာက အထက်တန်းမပြီးပဲ ကျောင်းထွက်တာများတယ်။ ကျောင်းအဆင့်တိုးမြင့်ခံရတော့ သူတို့ တွေ ပညာရေးဆုံး ခန်းတိုင်အောင် သင်ယူနိုင်မဲ့ အခွင့်အရေး ရသွားမှာပေါ့။ မနစ်ကတည်းက ဝန်ထမ်းလိုအပ်နေတာ ပေါ့နော်။ ဒီနှစ်လည်း အချိန်မှီဝန်ထမ်းမခန့်ထားပေးနိုင်ရင် ဆရာတွေ ငှားရတော့မယ်”ဟု မေ ၂၆ ရက် နေ့တွင် ကေအိုင်စီသို့ ပြောသည်။

ယခုလို ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမ ဦးရေ ၁, ၂၀၀ ဦးခန့် လိုအပ်နေသည့် အပေါ် အခြေခံပညာ ဦးစီးဌာနသို့ ပြည်နယ်ပညာရေးဌာနက တင်ပြထားသည်ဟု ပြည်နယ် ပညာရေးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ကရင်ပြည်နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁, ၇၇၀ ကျောင်းရှိပြီး နှစ်စဉ်ဆရာ၊ ဆရာမလိုအပ်နေ ပြီး အချို့ ကျောင်းများတွင် ရွာဆွဲခန့် ဆရာများ အသုံးပြုနေရသေးသည်ဟု ဒေသခံများက ပြောသည်။

Link: https://www.bnionline.net/en/news/karen-state-needs-recruit-over-1000-teachers-after-upgrading-schools

## တောင်သူများကို အပေါင်ပစ္စည်းမဲ့ ၁ ဧက ငွေကျပ် ၅ သိန်းနှုန်း စတင် ထုတ်ချေး

The Irrawaddy, 29 May 2018

နိုင်ငံအတွင်း အမှန်တကယ် လိုအပ်နေသည့် အတွက် စမ်းသပ်ပြီး ထုတ်ချေးသည့် အနေနှင့် နေပြည်တော် ကောင်စီ နယ်မြေရှိ ဟင်းသီး ဟင်းရွက်စိုက်ပျိုး ထုတ်လုပ်နေသည့် တောင်သူများကို ၁ ဧကလျှင် ငွေကျပ် ၅ သိန်းနှုန်း အပေါင် ပစ္စည်းမပါဘဲ အသေးစား၊ အလတ်စားနှင့် စက်မှုဖွံ့ဖြိုးရေးဘဏ် ( အများပိုင်) - SMI DB မှ ထုတ်ချေးပေးကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က ပြောသည်။



ထို့သို့ တောင်သူများကို အပေါင်ပစ္စည်းမပါဘဲ ထုတ်ချေးခြင်းသည် ယခုအစိုးရ လက်ထက်တွင် ပထမဆုံး အကြိမ် ထုတ်ချေးခြင်း ဖြစ်ကြောင်း အတိုးနှုန်းမှာ အလွန်နည်းပါးကြောင်း ဦးခင်မောင်ချိုက ပြောသည်။ချေးငွေ ထုတ်ချေးရာတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာရှိ အမှန်တကယ် စိုက်ပျိုး ထုတ်လုပ်သူ တောင်သူ ၁၅ ဦးအား စိစစ် ရွေးချယ်ကာ စုစုပေါင်း စိုက်ပျိုးမြေ ၁၂ ဒသမ ၃၀ ဧကအတွက် ငွေကျပ် ၆၁၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့သည်။ယင်းချေးငွေအတွက် ဗဟိုဘဏ်၏ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းအတိုင်း ၁ နှစ်လျှင် အတိုးနှုန်း ၁၃ ရာခိုင်နှုန်း နှင့် ပြန်ဆပ်ကာလ ၆ လ သတ်မှတ်ကာ ထုတ်ချေးပေးခြင်း ဖြစ်သည်။

ယခု ချေးငွေချထားပေးသည့် ပုံစံမှာ မြေပိုင်ရှိသူများကိုသာ ချေးခြင်း မဟုတ်ဘဲ မြေငှားနှင့် အမှန်တကယ် စိုက်ပျိုးနေသည့် တောင်သူများအား မြေငှားထားသည့် ပုံစံ ( ၇) မိတ္တူ ပြနိုင်ပါက ချေးငွေပေးသည်ဟု သိရသည်။

SMIDB ဘဏ်မှာ တနိုင်ငံလုံး အတိုင်းအတာ အနေဖြင့် ယခုကဲ့သို့ အခြေခံ စားသောက်ကုန် ဖြစ်သည့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများအား ချေးငွေထုတ်ချေးရန် လျာထားသည့် ပမာဏမှာ ကျပ် ၆၀ ဘီလီယံ လျာထားကြောင်း S MI DB ဘဏ်မှ အမှုဆောင် အရာရှိချုပ် ဒေါက်တာ ဇေယျာညွန့်က ဆိုသည်။

ဟင်းသီး ဟင်းရွက် စိုက်ပျိုးတောင်သူများအတွက် ချေးငွေ ထုတ်ချေးနိုင်ရန် စက်မှုဝန်ကြီးဌာနနှင့် S MI DB ဘဏ်တို့ ချိတ် ဆက်ပြီး ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

S MI DB ဘဏ်အနေနှင့် အစိုးရဝန်ထမ်းများကိုလည်း လစာ၏ ၃ ဆ ၅ ဆ ချေးငွေများကို အတိုးနှုန်း ၁ ရာခိုင်နှုန်းဖြင့် ထုတ် ချေးပေးလျှက်ရှိကြောင်း သိရသည်။

Link: https://www.irrawaddy.com/business/low-interest-loan-project-female-farmers-raising-hopes.html

## ခရီးသွားကဏ္ဍတွင် အဓိက ရင်းနှီးမြှုပ်နှံကြရန် ကယားဝန်ကြီးချုပ် ဖိတ်ခေါ်

Burma News International, 30 May 2018

ကယားပြည်နယ်အတွင်း အခွင့်အလမ်းများသည့် ခရီးသွားကဏ္ဍတွင် အဓိက ရင်းနှီးမြုပ်နှံစေလိုကြောင်း ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုက ပြောကြားသည်။




“ဟော်တယ်နဲ့ ခရီးဖွံ့ဖြိုးမှုအခန်းကဏ္ဍမှာ ဟော်တယ်တွေပဲ တိုးပွားများပြားလာလို့ မဖြစ်ဘူး။ ခရီးသွားကဏ္ဍများပြားစွာ တိုးတက်လာဖို့လည်းပဲ ဖောင်းပေး ဖော်ဆောင်လိုပါ တယ်။”ဟု ဝန်ကြီး ချုပ်က ပြောသည်။

မေလ ၂၆ ရက်နေ့ ကယားပြည်နယ်၊ လွိုင်ကော် မြို့ရှိ ပြည်နယ်ခန်းမတွင် ပြုလုပ်သည့် ကယား ပြည်နယ် ရင်းနှီးမြုပ်နှံမှုဖိုရမ်တွင် အထက်ပါအတိုင်း ဝန်ကြီးချုပ်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကယားပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ဖြင့် ရင်းနှီးမြုပ်နှံလိုသူများအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးမည်ဟု ၎င်းက ဆိုသည်။

“တကယ်ရင်းနှီးမြှုပ်နှံချင်တယ်ဆိုရင် ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်ထဲကနေ မူနဲ့ ဘောင်နဲ့ အပြန်မလှန်အကျိုးအမြတ်ရှိရေး၊ ထိခိုက်နစ်နာမှုမရှိရေး ၊ လုပ်ပေးနိုင်တဲ့ဟာကို အင်နဲ့ အားနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါ့မယ်။”ဟု ဝန်ကြီးချုပ်က ထပ်လောင်း ပြောသည်။

ဖိုရမ်တွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြုပ်နှံသူနှင့် ချိတ်ဆက်ပြီး ကယားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေး၊ တွင်းထွက်သယံဇာတ၊ ထုတ်လုပ်မှုကဏ္ဍ၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍများနှင့် သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အစိုးရက ထုတ်ဖေါ်ပြသခဲ့သည်။

ကယားပြည်နယ်အတွင်း သဘာဝသယံဇာတများကို ကုန်ကြမ်းအဆင့်ထုတ်လုပ်ရောင်းချမှုထက် တန်ဖိုးမြှင့်ကုန်ချောအဖြင့် ထုတ်လုပ်ခြင်းကို ပိုမိုအားပေးကြောင်း ဆိုသည်။

ကယားပြည်နယ်အတွင်း တွင်းထွက်သယံဇာတထုတ်လုပ်မှုကို မော်ချီးခဲသတ္တုတွင်းနှင့် အခြားတွင်းထွက် သတ္တုသိုက်များတွင် ရင်းနှီးမြှုပ်နှံကာ အချောထည်အဖြစ် ထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးအတွက် ရင်းနှီးမြုပ်နှံချင်သူများကိုလည်း ခွင့်ပြုပေး မည်ဟု ၎င်းက ပြောသည်။

“အဲဒီသတ္တုတွေကို ကုန်ကြမ်းအဖြစ်နဲ့သာ တင်ပို့ရောင်းချနေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပြည်နယ်ကြီးမှာ ဒီသတ္တုတွေကို စုစုစည်းစည်းနဲ့ ပြည်သူတွေအကြားမှာလည်း အလုပ်ကိုင်အခွင့်လမ်းရရှိအောင် ကြိုးပမ်းဖော်ဆောင်ပြီးမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို လုပ်ချင်တဲ့သူတွေရှိတယ်ဆိုရင် ကျနော်ကခွင့်ပြုချင်တယ်ဗျ။”ဟု ဝန်ကြီးချုပ်က ပြောသည်။

ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ ကယားပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလုထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်□၃□ ရပ်မှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီနှင့် စက်မှုလုပ်ငန်းရှင်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ လွိုင်ကော်မြို့ရှိ ပုဂ္ဂလိကဘဏ်များ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

Link: https://www.bnionline.net/en/news/kayah-state-chief-minister-invites-investment-primarily-tourism-sector

**ကယားပြည်နယ်အဆင့်အရာရှိများမှ ဒေသဖွံ့ဖြိုးရေးအတွက် KNPP နှင့်ဆွေးနွေး**

Eleven Myanmar, 30 May 2018



ကယားပြည်နယ်အဆင့်အရာရှိများသည် ကရင်နီတိုးတက်ရေးပါတီ(KNPP)နှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဦးစားပေးဆွေးနွေးခဲ့ကြောင်း လွိုင်ကော်ရှိ ဆက်ဆံရေးမှူးဖြစ်သူ ခွန်နေးရယ်က ပြောသည်။

“အသေးစိတ်အချက်အလက်တွေကို ပြောပြဖို့စောပါသေးတယ်။ ကျွန်တော်တို့ အဓိကအားဖြင့်တော့ ဒေသဆိုင်ရာဖွံ့ဖြိုးရေးတွေကို ဆွေးနွေးခဲ့ပါတယ်။ အခက်အခဲမရှိပါဘူး ” ဟု ၎င်းကပြောခဲ့သည်။

အစည်းအဝေးတွင် KNPP မှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအပြင် ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာအခက်အခဲများကို ဆွေးနွေးခဲ့သည်။ အစိုးရမှ ၎င်းတို့သည် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောခဲ့သည်။ ယခင်အစိုးရနှင့်သဘောတူထားသည့်အချက်များကိုလည်း ဆွေးနွေးခဲ့သည်။ နှစ်ဖက်စလုံးမှ KNPP ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများ ဆေးဝါးပစ္စည်းများ သယ်ဆောင်ရာတွင် ခွင့်ပြုခွင့်ရရှိရန်အတွက် ဆွေးနွေးခဲ့ကြသည်။

နှစ်ဖက်စလုံးမှ အစည်းအဝေးပြီးနောက် ပူးတွဲကြေငြာချက် ထုတ်ခဲ့သည်။ ပူးတွဲကြေငြာချက်တွင် အချက်( ၃) ချက်ကို သဘောတူကြောင်းဖော်ပြထားသည်။

Link: http://www.elevenmyanmar.com/politics/14024

## တရားဥပဒေနှင့်အုပ်ချုပ်မှု

## မြန်မာနိုင်ငံတွင် ဥပဒေဆိုင်ရာဒေတာဘေ့စ်စနစ်စတင်ရန် ကိုရီးယားကူညီ

Korea Herald, 30 May 2018

ကိုရီးယားဥပဒေပြုရေးရာဝန်ကြီးဌာနသည် ၎င်းတို့၏နည်းပညာကို မြန်မာနိုင်ငံတွင် ဥပဒေဆိုရာဒေတာဘေ့ဒ်စနစ်အသစ်တစ်ခု စတင်နိုင်ရန်အတွက် ဝေမျှပေးခဲ့ကြောင်း ဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။




မေလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် မြန်မာနိုင်ငံဥပဒေဆိုင်ရာသတင်းအချက်အလက်စနစ်ကို စတင်မည်ဖြစ်ပြီး ပြည်သူလူထုသည် နိုင်ငံ၏ဥပဒေဆိုင်ရာသတင်းအချက်အလက်များကို ကွန်ပြူတာနှင့် မိုဘိုင်းဖုန်းများတွင် ကြည့်ရှုနိုင်တော့မည်ဖြစ်သည်။ ကိုရီးယားနိုင်ငံဥပဒေရေးရာဝန်ကြီးဌာနသည် ထိုစနစ်ကို မြန်မာပြည်တွင်ထူထောင်နိုင်ရန် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

စနစ်သစ်တွင် စာရွက်ပေါ်ရှိ ဥပဒေဆိုင်ရာသတင်းအချက်အလက်များကို အီလက်ထရောနစ်စနစ်ထဲသို့ လွှဲပြောင်းလိုက်ခြင်းဖြစ်သည်။ ထိုစနစ်ကြောင့် မိုဘုန်းဖုန်းရှိသူ၊ ကွန်ပျူတာရှိသူ မည်သူမဆို ဥပဒေအချက်အလက်ဖိုင် ၅၀၀၀ကျော်ကို ဝင်ရောက်ကြည့်ရှုခွင့်ရရှိမည်ဖြစ်ပြီး နိုင်ငံ၏ အခြေခံဥပဒေအပါအဝင်ဖြစ်သည်။ အချက်အလက်များကို မြန်မာလို ပြုစုထားပြီး ဥပဒေ ၃၇၅ ခုကို အင်္ဂလိပ်ဘာသာဖြင့် ရရှိနိုင်မည်ဖြစ်သည်။

ရှေ့နေချုပ်မှ ထိုစနစ်အား မည်သို့ အသုံးပြုရမည်ဆိုသည့်သင်တန်းကို မြန်မာနိုင်ငံဗဟိုစီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ၏ အရာရှိများနှင့် ပြည်နယ် ၁၄ ခုရှိအစိုးရအရာရှိများကို သင်တန်းပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

နောင်နှစ်တွင် နည်းပညာဆိုင်ရာများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

Link: http://www.koreaherald.com/view.php?ud=20180529000697

# မြေနှင့်ပစ္စည်းဥစ္စာ

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သိမ်းဆည်းခံမြေယာများ ပြည်လည်လွှဲပြောင်းပေးအပ်ပွဲကျင်းပ



The Global New Light of Myanmar, 17 May 2018

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သိမ်းဆည်းခံမြေယာများ မူလတောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး တောင်သူ ၅၂၈ ဦးထံ စိုက်ပျိုးမြေဧက ၄၉၃၂ ဧက လွှဲပြောင်းပေးအပ်နိုင်ခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒုတိယအများဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ယနေ့ပြောကြားခဲ့သည်။ မူလတောင်သူ

များထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်( ပုံစံ- ၃) ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကန့်ဘလူခရိုင်အတွင်းရှိ ပြန်လည်စွန့်လွှတ်သည့် မြေလွတ်၊မြေရိုင်း ၃၄၇. ၁၁ ဧက၊ မုံရွာခရိုင်တွင်းရှိ မြေလွတ်၊မြေရိုင်း ၁၁၈၆. ၁၃ဧက၊ ကသာခရိုင်အတွင်းရှိ မြေလွတ်၊မြေရိုင်း ၁၆၉၂. ၄၄ ဧက နှင့် ရွှေဘိုခရိုင်အတွင်းရှိ မြေလွတ်၊ မြေရိုင်း ၁၉၃၅. ၀၄ ဧက တို့ကို သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အသုံးပြုရန်မရှိသည့် မြေလွတ်၊ မြေရိုင်းများကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

Link: https://issuu.com/myanmarnewspaper/docs/17_may_18_gnlm

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### အပစ်ရပ်လက်မှတ်ထိုးထားသည့်အဖွဲ့များ တတိယအကြိမ်ပင်လုံညီလာခံတက်ရန် အဆင်သင့်မဖြစ်သေး

Eleven Myanmar, 21 May 2018

အစိုးရနှင့်နိုင်ငံရေးပါတီများမှ ၂၁ ရာစုတတိယအကြိမ်ပင်လုံညီလာခံကို ယခုလကုန်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးပြီးသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပင်လုံညီလာခံကိုတက်ရောက်ရန် အဆင်သင့်မဖြစ်သေးကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောခဲ့သည်။

အစိုးရကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသူများသည် တတိယအကြိမ်ပင်လုံညီလာခံကျင်းပရန်အတွက် အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးစင်တာတွင် မေလ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ပြီး သဘောတူညီမှုမရရှိသေးပေ။

" အစိုးရအနေနဲ့က ပင်လုံညီလာခံကို ယခုလအကုန်မှာ ကျင်းပနိုင်ဖို့အတွက် ပြင်ဆင်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေကလည်း ပြင်ဆင်ထားပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေကတော့ အလွတ်သဘောတွေ့ဆုံပြီးမှ အကြောင်းပြန်မယ်ပြောတယ်။ ဒါကြောင့် ကျွန်တော်တို့ အလွတ်သဘောအနေနဲ့တွေ့ဆုံပြီး ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် သူတို့က အဆင်သင့်မဖြစ်သေးဘူးဆိုတော့ ကျွန်တော်တို့ တတိယအကြိမ်ပင်လုံညီလာခံကို ဒီလကုန်မှာ ကျင်းပဖို့ မဖြစ်နိုင်သေးပါဘူး" ဟု ဦးဇော်ဌေးကပြောသည်။

၂၁ ရာစုပင်လုံညီလာခကို တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပရန်ဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သောတစ်နှစ်ကျော်က ဒုတိယအကြိမ် ကျင်းပပြီးနောက် နောက်ထပ်ကျင်းပနိုင်ခြင်းမရှိသေးပေ။

Link: http://www.elevenmyanmar.com/politics/13954

### တပ်မတော်နှင့် KNU အစည်းအဝေးအတွက် ရက်မသတ်မှတ်ရသေး

Myanmar Times, 22 May 2018

တိုင်းရင်းသားအဖွဲ့မှ အပြင်းအထန်ဆန့်ကျင်ထားသည့် လမ်းဖောက်လုပ်ခြင်းကို အစိုးရမှ ရပ်ဆိုင်းထားသော်လည်း ဒေသအတွင်းတွင် တိုက်ပွဲများပြီးဆုံးရန်အတွက် တွေ့ဆုံရန် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ တပ်မတော် တပ်မှူးများနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တပ်မှူးများသည် အစည်းအဝေးကျင်းပရန် ရက်သတ်မှတ်ရခြင်းမရှိသေးပေ။

ကာကွယ်ရေးစစ်ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကြာသာပတေးနေ့တွင် KNU ကာကွယ်ရေးစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့် နေပြည်တော်တွင် တွေ့ဆုံပြီးနောက် လမ်းဖောက်လုပ်ခြင်းကို ရပ်ဆိုင်းရန် အမိန့်ပေးခဲ့ သည်။

မတ်လတွင် လမ်းဖောက်လုပ်ခြင်းကို ပြန်လည်လုပ်ဆောင်ခဲ့သောကြောင့် ကေအဲန်ယူနှင့် တပ်မတော်အတွင်း တိုက်ပွဲ များဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာထွက်ပြေးသူရွာသား ငါးထောင်ကျော်ရှိလာခဲ့သည်။

"တပ်မတော်နဲ့ ကေအဲန်ယူဘက်က တပ်ခေါင်းဆောင်းတွေနဲ့ ကျွန်တော်တို့ တွေ့ဖို့ စီစဉ် ထားပါတယ်။ ရက်တော့မသတ် မှတ်ရသေးပါဘူး။ ကျွန်တော်တို့ ဆွေးနွေးနေတုန်းပါပဲ "ဟု စစ်တပ်၏ အပစ်အခတ်ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မ တီ(JMC-U) မှ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးရွှေကြာက ပြောခဲ့သည်။

Link: https://www.mmtimes.com/news/tatmadaw-knu-yet-set-date-meeting.html

## တတိယအကြိမ် ၂၁ ပင်လုံကျင်းပမည့်ရက်ကို ဇွန်လနှောင်းပိုင်းသို့ ရွှေ့ဆိုင်း

DVB, 24 May 2018

တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံကျင်းပမည့်ရက်ကို ဇွန်လနှောင်းပိုင်းမှသာ ပြုလုပ်ရန် ရွှေ့ဆိုင်းထား ကြောင်း ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) အဖွဲ့မှ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။




"၂၁ ရာစုပင်လုံကို ကျွန်တော်တို့ဆုံးဖြတ် ထား ပေမယ့် ပြင်ဆင်ချိန်၊ စီမံခန့်ခွဲတဲ့အချိန်က ကြပ် သွားလို့ နည်းနည်း ရွှေ့လိုက်တဲ့ သဘော။ ကျွန် တော် မှန်းတာကတော့ UPDJC အစည်းအ ဝေးရော လုပ်ငန်းကော်မတီရောဆိုရင် ကျွန် တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲမွေးနေ့က လည်း ရှိတယ်ဗျ။ ၁၉ ရက်နေ့ ဇွန်လဆိုတော့။ အဲ့ဒီရက်လောက်မှာ ရောက်သွားနိုင်တယ် လို့တော့ တွက်တယ်ဗျ။ လကုန်ပိုင်းပေါ့"ဟု ၎င်းက ဆို သည်။

ရာစုပင်လုံကျင်းပရန် ပြင်ဆင်ရမည့် အချက်များ နှင့် ရက်အတိအကျသတ်မှတ်နိုင်ဖို့ ပြည် ထောင် စုငြိမ်းချမ်းရေး ပူးတွဲ ကော်မတီ (UPDJC) ကို ၂၀၁၈ ခုနှစ် မေလကုန်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်းလည်း ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးအား ဧပြီလကုန် ( သို့မဟုတ်) မေလဆန်းတွင် ကျင်းပရန် အစိုးရနှင့် အပစ်ရပ်လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား NCA အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) တွင် ဖေဖော်ဝါရီ ၂၈ ရက်နေ့က သဘောတူထား ခြင်းလည်းဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ် (NCA) အရ ၂၁ ရာစုပင်လုံညီလာခံကို ၆ လတစ်ကြိမ် ကျင်းပရန် သတ်မှတ်ထားခြင်း လည်း ဖြစ်သည်။

Link: http://dvbno.ga/news/govt-sets-sights-on-june-for-peace-conference/80964

## ကရင်ပြည်နယ် ဖာပွန်ခရိုင်ရှိ အစိုးရတပ်များ စတင်ဆုတ်ခွာနေ

Mizzima, 26 May 2018

ဖာပွန်ခရိုင်တွင် တပ်မတော်မှလမ်းဖောက်လုပ်နေ သည့်အတွက်တပ်စွဲထားသည့် အစိုးရတပ်များ စတင် ဆုတ်ခွာနေပြီဟု KNU ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သည့် ဗိုလ်ချုပ် စောအိုင်း ဇက်ဖိုးက မဇ္ဈိမသို့ ပြောသည်။



ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဌ စောမူတူးစေးဖိုးဦးဆောင်သည့် ထိပ်ပိုင်းခေါင်းဆောင်များနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ မေလ ၁၇ ရက်က နေပြည်တော်တွင် တွေ့ဆုံ ဆွေးနွေးအပြီး သဘောတူညီချက်အရ တပ်များပြန်လည် ဆုတ်ခွာနေခြင်းလည်းဖြစ်သည်။

“တဖြည်းဖြည်းနဲ့ဆုတ်မယ့်သဘောတော့ရှိတာပေါ့။ ဒါပေမယ့် လယ်မူပလောမှာရှိတဲ့ ကားတွေကတော့ ရှိနေသေး တယ်။ တချို့စောင့်နေတဲ့တပ်တွေတော့ ရှိနေသေးတာပေါ့နော်။ ဖြည်းဖြည်းရုတ်သွားမယ်လို့တော့ ထင်တာပဲလေ။ ဒါပေမယ့် အခုလောလော ဆယ်တော့ မရုတ်သေးဘူးလို့တော့ လောလော ဆယ်တော့ သိတယ်။ ဒါပေမယ့် တချို့ကတော့ ရုတ်သွားပြီပေါ့နော် ” ဟု ဗိုလ်ချုပ်စောအိုင်းဇက်ဖိုးက ပြောသည်။

ကရင်ပြည်နယ် ဖာပွန်ခရိုင် လူသောမြို့နယ် ခေးပူနှင့် လယ်မူပလောရွာအကြား၌ ကားလမ်းဖောက်လုပ်ရန် ဆိုသည့် အကြောင်းပြချက်ဖြင့် ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့မှ စပြီး တပ်မတော်မှ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဖာပွန်ခရိုင်အတွင်း လမ်းဖောက်လုပ်နေမှုကို တပ်မတော်မှ ယာယီရပ်ဆိုင်းထားလိုက်ပြီး ဒေသခံများနှင့် နားလည်မှုခိုင်မာလာမှသာ ဆက်လက်ဆောင် ရွက်မည်ဖြစ်ကြောင်း လည်း သိရသည်။

Link: http://www.mizzima.com/news-domestic/gov%E2%80%99t-troops-start-withdrawing-hpapun-district-kayin-state

# အခြား

## လုပ်ငန်းမလုပ်ဘဲ မြေဦးထားသဖြင့် ဘားအံစက်မှုဇုန် ဖွံ့ဖြိုးမှုနောက်ကျ

Myanmar Times, 23 May 2018

ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် လုပ်ငန်းမလုပ်ဘဲ မြေနေရာဦးထားသူများကြောင့် အမှန်တကယ်လုပ်ကိုင်မည့်သူများအတွက် မြေနေရာကောင်းများမရဘဲ အခက်အခဲဖြစ်နေကြသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က ပြောသည်။

"အမှန်ကတော့ ဘားအံစက်မှုဇုန်လမ်းတွေလည်း လုပ်ထားပြီးပြီ။ မီးအတွက်လည်း မီးအားမြင့်စက်ကြီး ထိုင်ပြီးပြီ။ ရေအတွက်လည်း လုပ်ထားပြီးပြီ။ မြေကွက်တွေလည်း လုပ်ထားပြီးပြီ။ ဒါပေမဲ့ စက်မှုဇုန်ဖွံ့ဖြိုးဖို့ နောက်ကျနေတဲ့အကြောင်းရင်းက စက်ရုံမထောင်ဘဲ မြေတွေလက်ဦးထားတယ်"ဟု ဝန်ကြီးဦးစိုးလှိုင်က ပြောသည်။

ထို့ကြောင့် ယခုအခါ စက်မှုဇုန်ရှိမြေကွက်များကို အမှန်တကယ် အလုပ်လုပ်မည့်သူများကိုသာ ရောင်းချပေးကြောင်း ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးစိန်လွင်က ပြောသည်။

ကရင်ပြည်နယ် အစိုးရသည် ဘားအံစက်မှုဇုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် စက်ရုံအလုပ်ရုံများအတွက် ရေရှိရေး၊ လျှပ်စစ်မီးရရှိရေးအတွက် ကြိုတင်ပြင်ဆင်ထားသော်ငြား မြေဝယ်စုထားသူများကြောင့် အခက်အခဲဖြစ်နေခြင်း ဖြစ်သည်ဟု ဆိုသည်။

ထိုသို့ အခက်အခဲများရှိသော်ငြားလည်း ဘားအံစက်မှုဇုန်တွင် စက်ရုံများ ဖွင့်လှစ် လုပ်ကိုင်လာမှုများသည် ယခင်က ထက် များပြားလာကြောင်း စက်မှုလက်မှု ကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။ အထက်ပါကဲ့သို့ မြေဝယ်စုသူများ ရှိသလို မြေဝယ်ပြီးသည်နှင့် ချက်ချင်းလုပ်ငန်း လုပ်သူများလည်း ယခုအခါရှိလာကြောင်း သိရသည်။

ဘားအံစက်မှုဇုန်ကို ၂၀၁၄ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ဧကပေါင်း ၁□၀၀၀ နီးပါးရှိကာ စက်မှုဇုန် ၁၊ ၂၊ ၃၊ ၄ ဟူ၍ ခွဲခြမ်းထားသည်။ ယင်းစက်မှုဇုန်တွင် ဟောင်ကောင်၊ ထိုင်း စသည့် နိုင်ငံတို့မှ လုပ်ငန်းရှင်များ လက်ရှိတွင် လာရောက် လုပ်ကိုင်နေကြကြောင်း သိရသည်။ "နောင်မှာတော့ ပြည်နယ်အစိုးရက လုပ်ငန်းကိုဘယ်လောက် အဆင်ပြေအောင် စီစဉ်ပေးလဲဆိုတဲ့အပေါ် မူတည်ပြီးတော့ လာကြမှာပေါ့"ဟု ဝန်ကြီး ဦးစိုးလှိုင်က ပြောကြားသည်။

ကရင်ပြည်နယ်တွင် အဓိက လာရောက်လုပ်ကိုင်ကြသည့် စက်မှုလက်မှုလုပ်ငန်းများတွင် အထည်ချုပ်လုပ်ငန်းမှာ လတ်တ လောတွင် အများဆုံးဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်သည့် အထည်ချုပ်စက်ရုံတစ်ရုံ၊ ပြည်တွင်း ရင်း နှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်နေသည့် အထည်ချုပ်စက်ရုံ သုံးရုံခန့်ရှိကြောင်း သိရသည်။ အခြားသောလုပ် ငန်းများတွင် ကျောက်တိုင် လုပ်ငန်း၊ ရော်ဘာနှင့် ဆက်စပ်လုပ်ငန်း၊ ရေခဲစက်လုပ်ငန်းတို့လည်း ပါဝင်ကြောင်း သိရသည်။

Link: https://www.mmtimes.com/news/development-kayin-industrial-zones-delayed-speculative-investors.html

## ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး ငွေကျပ် ၄၇ သန်းကျော်သုံးစွဲရန် လျာထား

Myanmar Times, 24 May 2018

လာမည့်သုံးနှစ်တာကာလအတွင်း ဧရာဝတီမြစ်ကြောင်းပြုပြင်ထိန်းသိမ်းဆောင်ရွက်ရေးအတွက် ငွေကျပ် ၄၇ ဒသမ ၇၇ သန်း သုံးစွဲရန် လျာထားသည်ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယခုလ ၂၁ ရက်တွင် အမျိုးသားလွှတ်တော်၌ပြောသည်။

ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် နယ်သာလန်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းရေးဆွဲခဲ့သော စီမံချက်ကို အခြေပြုကာ မြစ်ကြမ်းပြင်ပြုပြင် နည်းစနစ်(River Bed Regulation Method) ဖြင့် ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးကို ရန်ပုံငွေရရှိမှု အပေါ်မူတည်ကာ ဆောင်ရွက်လျက်ရှိသည်။

ကီလိုမီတာ ၁, ၄၀၀ ခန့်ရှည်လျားသည့်ဧရာဝတီမြစ်တွင် ကီလိုမီတာ ၇၀၀ ခန့်ကမ်းပါးပြိုလျက်ရှိသည်။ မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနေရာ ၅၁ နေရာအနက် မြေထိန်း နံရံ ၂၀, ၅၃၆ ပေနှင့် ရေကာတာ ၄၉, ၀၀၀ ပေ တည်ဆောက်မည်ဖြစ်သည်။

Link: https://www.mmtimes.com/news/ministry-sets-aside-k48m-ayeyarwady-conservation.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.